AUSCO

ဩစတြေးလျားနိုင်ငံ ယဉ်ကျေးမှုနှင့် အကျွမ်းဝင် ကျင့်သားရစေခြင်းဆိုင်ရာ အစီအစဉ် သင်တန်း

# ဩစတြေးလျားရှိ အားလပ်ရက်များ

## ကျောင်းအားလပ်ရက်များ

ဩစတြေးလျား ကျောင်းနှစ်သည် ဇန်နဝါရီလကုန် / ဖေဖေါ်ဝါရီလဆန်းတွင် စတင်ပါသည်။ ကျောင်း စာသင်ကာလ အပိုင်းအခြားလေးခုရှိပြီး၊ ၎င်းတို့တစ်ခုစီသည် 10 ပတ်ခန့် ကြာမြင့်ပါသည်။ စာသင်ကာလတစ်ခုစီအဆုံး၌ အနားယူ ကျောင်းပိတ်ပါသည်။ ပြည်နယ်များတစ်ခုနှင့်တစ်ခု အကြား၊ စာသင်ကာလတစ်ခုစီ၏ ရက်များမှာ မတူညီကြသော်လည်း ယေဘုယျအားဖြင့် ဧပြီလ၊ ဇူလိုင်လ နှင့် အောက်တိုဘာလ ဝန်းကျင်တွင် အားလပ်ရက် ၂ ပတ်ရှိပါသည်။ ကျောင်းစာသင်နှစ်ကုန်ဆုံးသည့် နွေရာသီ (ဒီဇင်ဘာလ နှောင်းပိုင်း နှင့် ဇန်နဝါရီလ) တွင် ပိုပြီးကြာမြင့်သော ၆ ပတ် အားလပ်ရက်ရှိပါသည်။

## အစိုးရ ရုံးပိတ်ရက်များ

အစိုးရ ရုံးပိတ်ရက်များတွင် ကျောင်းများ နှင့် အစိုးရ ဝန်ဆောင်မှု အဖွဲ့အစည်းအများစု ပိတ်ကြပါသည်။ ဆိုင် အမြောက်အမြားမှာမူ ဖွင့်ကြပါသည်။ အချို့အစိုးရ ရုံးပိတ်ရက်များသည် တစ်နိုင်ငံလုံး (ဩစတြေးလျား တစ်ခွင်လုံး) နှင့် သက်ဆိုင်ပြီး၊ အချို့သည် ဩစတြေးလျား၏ ကွဲပြားသော သီးသန့်အရပ်ဒေသများအတွက်ဖြစ်ကာ၊ အချို့ကမူ နှစ်တိုင်း ၎င်းတို့၏ ရက်များကို ပြောင်းကြပါသည်။

ဩစတြေးလျားတစ်ခွင် တစ်ပြည်လုံးဆိုင်ရာ အစိုးရ ရုံးပိတ်ရက်များစာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**ဇန်နဝါရီလ 1st ရက်နေ့** – နှစ်သစ်ကူးနေ့ (New Years Day) ပြက္ခဒိန် နှစ်သစ်၏ အစကို ကျင်းပခြင်း

**ဇန်နဝါရီလ 26th ရက်နေ့** – ဩစတြေးလျားနေ့ (Australia Day)

**မတ်လ သို့မဟုတ် ဧပြီလ** – ခရစ်တော်ထမြောက်တော်မူခြင်း အကြို သောကြာနေ့ (Good Friday)၊ ခရစ်တော်ထမြောက်တော်မူခြင်း တနင်္ဂနွေနေ့ (Easter Sunday) နှင့် ခရစ်တော်ထမြောက်တော်မူခြင်း အကျ တနင်္လာနေ့ (Easter Monday) - ခရစ်ယာန် ဘာသာရေး ပွဲတော်များဖြစ်ပါသည်

**ဧပြီလ 25th ရက်နေ့** – "အန်ဇက်"နေ့ (ANZAC) စစ်ပွဲများတွင် ပါဝင်ဆင်နွှဲခဲ့ကြသူများအား သတိရ ဂုဏ်ပြုခြင်း

**ဇွန်လ** – ဘုရင်မ မွေးနေ့။ ဩစတြေးလျား၏ ဘုရင်မလည်းဖြစ်သော အင်္ဂလန်နိုင်ငံ၏ ဘုရင်မအား ဂုဏ်ပြုကျင်းပခြင်း

**ဒီဇင်ဘာလ 25th ရက်နေ့** – ခရစ်စမတ်နေ့

**ဒီဇင်ဘာလ 26th ရက်နေ့** – ခရစ်စမတ်ပြီး နောက်တစ်ရက်(Boxing Day)။ ခရစ်စမတ်နေ့ ကျင်းပပြီးနောက်တစ်ရက်တွင် လူမှုရေးဆိုင်ရာ ပျော်ရွှင်ပွဲကျင်းပသည့်နေ့။






Australian Government
Department of Social Services

ဩစတြေးလျားနိုင်ငံ လူမှုဝန်ဆောင်ရေးဌာန ၏
ကိုယ်စား အပြည်ပြည်ဆိုင်ရာ ပြောင်းရွှေ့နေထိုင်ရေးရာ အဖွဲ့အစည်း
မှ ပို့ချပေးသည်။

IOM • OIM